

အောင်မြင်မှုဇာတ်လမ်းများ

# စပါး-ငါး စိုက်ခင်းမှ အကျိုးအမြတ် ရရှိမှု ကျိုင်းတုံစမ်းသပ်စိုက်ခင်းတွင် အောင်မြင်စွာဆောင်ရွက်ခြင်း

မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

MYSAP စီမံကိန်း၏ အကူအညီဖြင့် ၂၀၁၉ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုက်ဆီလီခွန်ကျေးရွာတွင် ဦးစိုင်းဆမ်တစ်၏ ပတ်လည်တွင် ရေမြောင်းပါရှိသည့်စပါးခင်းတွင် ငါးရောနှောမွေးမြူနိုင်ရန် မြေတူးစက်ငှာရမ်းပြီးပြုပြင်တူးဖော်ခဲ့ပါသည်။ စပါးစိုက်ခင်း ၀.၆ ဟက်တာ (၁.၅ ဧက) တွင် ၀.၃၁ ဟက်တာ (၀.၇၇ ဧက) ၌ ငါးမွေးပြီး ၀.၂၉ ဟက်တာ (၀.၇၃ ဧက) ၌ စပါးစိုက်ပျိုးခဲ့ပါသည်။ စိုက်ကွက်ပုံစံကို အောက်တွင်ဖော်ပြထားပါသည်။

MYSAP စီမံကိန်းအနေဖြင့် စပါး-ငါးစိုက်ခင်းတွင် ပုံမှန်အားဖြင့် ငါးမွေးရန်ရေပြင်ကို စိုက်ခင်း၏ ၅-၁၀% သာလျှင်အသုံးပြုရန် အကြံပြုထားသော်လည်း နှစ်များစွာကဆောင်ရွက်လာသည့် ဦးစိုင်းဆမ်တစ် ၏ စပါးခင်းကို ပြန်လည်ပြုပြင်ရာတွင် ငါးမွေးရန်ရေနက်မြောင်း ဧရိယာ ၅၁.၃% နှင့် စပါးစိုက် ဧရိယာ ၄၈.၇% ကိုသာလျှင် ခွဲခြားနိုင်ခဲ့ပါသည်။




စိုက်ပျိုးရက် ၁၂၀ တွင် ရိတ်သိမ်းနိုင်သည့် SR456 ရွှေပြည်အေး စပါးကို နွေရာသီတွင် ရေသွင်းစိုက်ပျိုးပါသည်။ ၂၀၂၀ ဖေဖော်ဝါရီ ၁၈ တွင် (၂.၅-၃.၅) စင်တီမီတာအရွယ် မျိုးမြှင့် တီးလားပီးယား GIFT သားပေါက် ၈၃၀ နှင့် ရွှေဝါငါးကြင်း (၁၀.၀-၁၄.၀) စင်တီမီတာ ရှိ ငါးသန်ကြီး ၈၀ ကို စပါး-ငါးစိုက်ခင်းတွင် မွေးမြူရန် MYSAP မှ ပံ့ပိုးခဲ့ပါသည်။ ဆက်လက်၍ မတ်လ ၆ ရက်တွင် GIFT သားပေါက် ၁၄၆၀ ကို ထပ်မံထည့်မွေးခဲ့ပါသည်။ ထို့ကြောင့် စုစုပေါင်း မွေးမြူငါး ကောင်ရေမှာ ၂,၃၇၀ ဖြစ်ပြီး GIFT ၂,၂၉၀ နှင့် ရွှေဝါငါးကြင်း ၈၀ ပါဝင်ပါသည်။

ရေသွင်းစိုက်ပျိုးသော နွေစပါးခင်းတွင် မည်သည့် ပိုးသတ်ဆေးကိုမှအသုံးမပြုခဲ့ပါ။ ၂၀၂၀ မေလတွင် ရိတ်သိမ်းခဲ့ရာစပါး ၂,၃၂၀ ကီလို (၇၁.၁၇ တင်း) ရရှိခဲ့ပါသည်။ စုစုပေါင်း ဝင်ငွေမှာ ၆၉၆,၀၀၀ ကျပ်ဖြစ်ပြီး အရင်းအနှီးမှာ ၁၆၇,၇၅၀ ကျပ် ဖြစ်၍ နွေစပါးမှ အသားတင်အမြတ်ငွေ ၅၂၈,၂၅၀ ကျပ် ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် စပါးအထွက်မှာ ၁,၆၈၀ ကီလို (၅၁.၅၃ တင်း) ဖြစ်ပြီး၊ ယခုနှစ် စပါးအထွက်မှာ ယခင်နှစ်ကထက် ၃၈.၁% ပိုမိုပါသည်။

မိုးစပါးစိုက်ပျိုးရာတွင်လည်း မည်သည့်ပိုးသတ်ဆေးကိုမှ အသုံးမပြုခဲ့ပါ။ ၂၀၂၀ နိုဝင်ဘာတွင် ရိတ်သိမ်းခဲ့ရာ စပါး ၂,၀၈၀ ကီလို (၆၃.၈ တင်း) ရရှိခဲ့ပါသည်။ ဝင်ငွေ စုစုပေါင်း ၅၄၆,၀၀၀ ကျပ် ရရှိပြီး အရင်းအနှီးမှာ ၁၀၀,၂၅၀ ကျပ် ဖြစ်၍ မိုးစပါးမှ အသားတင်အမြတ်မှာ ၄၄၅,၇၅၀ ကျပ် ရရှိခဲ့ပါသည်။


ဦးစိုင်းဆမ်တစ် နှင့် ၎င်း၏ စပါး-ငါး စမ်းသပ်စိုက်ခင်းတွင် စပါးစိုက်နေစဉ်


စပါး-ငါး စမ်းသပ်စိုက်ခင်းတွင် MYSAP မှ ထောက်ပံ့သော GIFT တီလားပီးယား ငါးသားပေါက်များကို စတင်ထည့်ပေးစဉ်

မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MYSAP) ကို ဥရောပသမဂ္ဂ (EU) နှင့် ဂျာမနီစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း ဝန်ကြီးဌာန (BMZ) တို့က ရံပုံငွေပံ့ပိုးပြီး၊ GIZ-GmbH၊ ငါးလုပ်ငန်းဦးစီးဌာန၊ WorldFish Myanmar တို့က GIZ ၏ အထောက်အပံ့သဘောတူညီမှုဖြင့် ဤစီမံကိန်းကို အကောင်အထည်ဖော်ပါသည်။ ကွင်းဆင်းလုပ်ငန်းများကို အရက်ဦး၊ BRAC Myanmar နှင့် Malteser International အဖွဲ့အစည်းများကို ကန်ထရိုက်စနစ်ဖြင့် ထပ်ဆင့်တာဝန်ပေးဆောင်ရွက်ပါသည်။

Implemented by:

EUROPEAN UNION

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

MYSAP
Myanmar Sustainable Aquaculture Programme

MYSAP စီမံကိန်းမှ သင်ပြသည့်အတိုင်း စပါး-ငါး စိုက်ခင်းကို စနစ်တကျသေချာစွာပြင်ဆင်ပြီး GIFT တီလားပီးယား နှင့် ရွှေဝါငါးကြင်း သားပေါက်များ ကိုလည်း စပါးခင်းတွင် မွေးမြူခဲ့ကြောင်း၊ ရေသွင်းစိုက်ပျိုးသော နွေစပါး နှင့် မိုးစပါး နှစ်သီးစားစိုက်ပျိုးခြင်းမှ စုစုပေါင်းစပါးအထွက်မှာ ပုံမှန်ထက် ၃၂% ပိုမို ရရှိခဲ့ကြောင်း ဦးစိုင်းဆမ်တစ်က ရှင်းပြပါသည်။

မွေးမြူထားသောငါး အချို့ကို ၂၀၂၀ နိုဝင်ဘာတွင် ထုတ်ဖော်ဖမ်းယူခဲ့ရာ ပျမ်းမျှအားဖြင့် တီလားပီးယားတစ်ကောင်လျှင် ၂၇၁ ဂရမ် (၁၇ ကျပ်သား)၊ ရွှေဝါငါးကြင်း တစ်ကောင်လျှင် ၁,၃၅၈ ဂရမ် (၈၅ ကျပ်သား) အထိကြီးထွားသည်ကို တွေ့မြင်ရသဖြင့် ဦးစိုင်းဆမ်တစ်အနေဖြင့် အလွန်ကျေနပ် ဝမ်းမြောက်ခဲ့ရပါသည်။ မွေးမြူထားသော ငါးအားလုံးကို ၂၀၂၁ ဖေဖော်ဝါရီ ၂၁-၂၃ တွင် ထုတ်ဖော်ဖမ်းယူခဲ့ပြီးဖြစ်ပါသည်။

ငါးသားပေါက်ဝယ်ယူခြင်းနှင့် ငါးအစာအတွက် ဦးစိုင်းဆမ်တစ် ကုန်ကျသောရင်းနှီးငွေစုစုပေါင်းမှာ ၅၄၇,၈၀၃ ကျပ် ဖြစ်ပါသည်။ ငါးရောင်းချခြင်း၊ မိတ်ဆွေများကို ဟင်းစားပေးခြင်းနှင့် မိသားစုစားသုံးသော တန်ဖိုးစုစုပေါင်းမှာ ကျပ်ငွေ ၁,၈၈၃,၂၅၀ ဖြစ်ပါသည်။ ထို့ကြောင့် ငွေသားဖြင့်တွက်ပါက အမြတ်ငွေမှာ ၁,၃၃၅,၄၄၇ ကျပ် ဖြစ်ပါသည်။

| ငွေ ဝင်/ထွက် ( ကျပ် ) | စပါးစိုက်ပျိုးခြင်း | | စပါးခင်းတွင် ငါးမွေးခြင်း | စုစုပေါင်း စပါး-ငါး စိုက်ခင်း |
|---|---|---|---|---|
| | နွေစပါး | မိုးစပါး | | |
| ရင်းနှီးကုန်ကျငွေ | ၁၆၇,၇၅၀ | ၁၀၀,၂၅၀ | ၅၄၇,၈၀၃ | ၈၁၃,၈၀၃ |
| ဝင်ငွေ | ၆၉၆,၀၀၀ | ၅၄၆,၀၀၀ | ၁,၈၈၃,၂၅၀ | ၃,၁၂၅,၂၅၀ |
| အသားတင်အမြတ်ငွေ | ၅၂၈,၂၅၀ | ၄၄၅,၇၅၀ | ၁,၃၃၅,၄၄၇ | ၂,၃၀၉,၄၄၇ |

ငါးမွေးမြူသည့်အချိန် တစ်နှစ်ပြည့်သောအခါ ပျမ်းမျှအားဖြင့် GIFT တီလားပီးယားသည် ၃၁၀ ဂရမ် (၁၉.၄ ကျပ်သား)၊ ရွှေဝါငါးကြင်းသည် ၁,၃၇၁ ဂရမ် (၈၅.၇ ကျပ်သား) အထိကြီးထွားပါသည်။ တစ်နှစ်အတွင်း ရှင်သန်နှုန်းအနေဖြင့် GIFT တီလားပီးယားမှာ ၇၇%၊ ရွှေဝါငါးကြင်းမှာ ၇၉% ရှိပါသည်။



ကျိုင်းတုံ စပါး-ငါး ရှေ့ပြေးစမ်းသပ်စိုက်ခင်းမှ
မွေးမြူထုတ်လုပ်သည့် ရွှေဝါငါးကြင်း



ကျိုင်းတုံ စပါး-ငါး ရှေ့ပြေးစမ်းသပ်စိုက်ခင်းမှ
မွေးမြူထုတ်လုပ်သည့် GIFT တီလာပီးယား

MYSAP စီမံကိန်း၏အကူအညီဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုက်ဆီလီခွန်ကျေးရွာ ဦးစိုင်းဆမ်တစ်၏ ၀.၆ ဟက်တာ (၁.၅ ဧက) စပါး-ငါး ရှေ့ပြေးစမ်းသပ်စိုက်ခင်းမှ တစ်နှစ်အတွင်း စပါး ၄,၄၀၀ ကီလို (၁၃၅ တင်း) ရရှိပါသည်။ ရေသွင်းစိုက်နွေစပါး SR456 ၂,၃၂၀ ကီလို (၇၁.၁၇ တင်း) နှင့် မိုးစပါး RO428 ၂,၀၈၀ ကီလို (၆၃.၈ တင်း) ဖြစ်ပါသည်။ စပါးစိုက်ရာတွင် မည်သည့်ပိုးသတ်ဆေးကိုမှအသုံးပြုခဲ့ခြင်းမရှိသဖြင့် သဘာဝပတ်ဝန်းကျင် ကိုအကျိုးဖြစ်ထွန်းစေပြီး ငါး ၆၈၉.၅ ကီလို (၄၂၃ ပိဿာ) ကိုလည်းပူးတွဲ ထုတ်လုပ်နိုင်ခဲ့ပါသည်။ တီလားပီးယာ ၅၄၆ ကီလို (၃၃၅ ပိဿာ)၊ ရွှေဝါငါးကြင်း ၈၆.၅ ကီလို (၅၃ ပိဿာ) နှင့် ငါးရံ့ ငါးခူ နှင့် တိုင်းရင်းငါးငယ်များ ၅၇ ကီလို (၃၅ ပိဿာ) ဖြစ်ပါသည်။

ထုတ်လုပ်မှုကာလ တစ်နှစ်အတွင်း နွေစပါး နှင့် မိုးစပါး နှစ်သီးစိုက်ပျိုးခြင်း၊ GIFT တီလားပီးယားနှင့် ရွှေဝါငါးကြင်း တစ်ကြိမ်မွေးမြူခြင်းမှ စုစုပေါင်း အသားတင်အမြတ် ငွေကျပ် ၂,၃၀၉,၄၄၇ (USD ၁,၆၄၉.၆၀၅) ရရှိခဲ့ပါသည်။ စပါးနှစ်သီး စိုက်ပျိုးခြင်းမှ အသားတင်အမြတ်ငွေ ၄၂.၂% ရရှိခဲ့ရာ (ရေသွင်းစိုက် နွေစပါးမှ ၂၂.၉% နှင့် မိုးစပါး မှ ၁၉.၃% ဖြစ်ပါသည်)။ စုစုပေါင်း အသားတင်အမြတ်ငွေ၏ ၅၇.၈% မှာ ငါးတစ်ကြိမ်မွေးမြူခြင်းမှ ရရှိပါသည်။

ကျေးဇူးတင်လွှာ
မူရင်းစာစောင် Success Story: Pilot rice-fish plot in Kengtung proves Profitable ကို မြန်မာဘာသာပြန်ဆိုပေးသော ဒေါက်တာ ခင်မောင်စိုး (WorldFish Myanmar) အား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

WorldFish
Malteser International
Order of Malta Worldwide Relief

Implemented by:
Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

inlandmysap@cgiar.org